# ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် ဥက္ကဋ္ဌ ဦးသောင်းထွန်း ပြောကြားမည့် အဖွင့်အမှာစကား (မူကြမ်း)

## ရှမ်းပြည်နယ်ရင်းနှီးမြှုပ်နှံမှုဖိုရမ် ၂၀၁၉

## "ရေရှည်တည်တံ့သော စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်မည့် နေရာ"

**Royal Taunggyi ဟိုတယ်၊ တောင်ကြီးမြို့**

**၂၀၁၉ ခုနှစ် နိုဝင်ဘာလ ၂၆ ရက်**

*ရှမ်းပြည်နယ် ရင်းနှီးမြှုပ်နှံမှုဖိုရမ် ၂၀၁၉ သို့ ကြွရောက်လာတဲ့ ရှမ်းပြည်နယ် ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာဂျာမနီ သံအမတ်ကြီး၊ ဂုဏ်သရေရှိ လူကြီးမင်းများနှင့် ဧည့်သည်တော်များခင်ဗျား။*

သာယာလှပတဲ့ တောင်ကြီးမြို့မှာ ကျင်းပတဲ့ ရှမ်းပြည်နယ် ရင်းနှီး မြှုပ်နှံမှုဖိုရမ်သို့ ကြွရောက်လာကြတဲ့ ဧည့်သည်တော်များအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သလိုက်ပါတယ်။ ထိုင်းမိတ်ဆွေများအား "Sawadee Thong Chai ! Yindi Thongrab Su Taunggyi" ၊ ဂျာမန် မိတ်ဆွေများအား "Guten Morgen Willkommen in Taunggyi" လို့ နှုတ်ခွန်း ဆက်သပါတယ်။

ယနေ့အခမ်းအနားကျင်းပနိုင်ရေးအတွက် အင်တိုက်အားတိုက်ပါဝင် ဆောင်ရွက်ပေးကြတဲ့ ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ ရှမ်းပြည်နယ် ရင်းနှီး

မြှုပ်နှံမှု ကော်မတီနှင့် ဂျာမနီ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ (GIZ)တို့ကို ကျေးဇူးတင်ရှိပါကြောင်း ဦးစွာပြောကြားလိုပါတယ်။ အခမ်းအနားဖြစ်မြောက်ရေး အတွက် ပူးပေါင်းပါဝင် ဆောင်ရွက်ကြသူများ အားလုံးကိုလည်း ကျေးဇူးတင်ရှိကြောင်း ပြောကြားလိုပါတယ်။ ယနေ့ အခမ်းအနားသို့ စိတ်ဝင်စားစွာ တက်ရောက်ပေးကြတဲ့သူတွေ အားလုံးကို ကျေးဇူးတင်ရှိကြောင်း ပြောကြားလိုပါတယ်။

ယခုနှစ်အတွင်း ရင်းနှီးမြှုပ်နှံမှုဖိုရမ်များနှင့်ပြပွဲများကို တိုင်းဒေသကြီး နှင့် ပြည်နယ်အနှံ့ ကျင်းပပေးခဲ့ပြီး ဖြစ်ပါတယ်။ ဒီလိုကျင်းပခြင်းရဲ့ အဓိက ရည်ရွယ်ချက်ကတော့ ဒေသခံစီးပွားရေးလုပ်ငန်းများနှင့် ပြည်တွင်း/ ပြည်ပ ရင်းနှီးမြှုပ်နှံသူများအကြား ချိတ်ဆက်ဆောင်ရွက်မှုကို အားပေးမြှင့်တင် ပေးရန်နှင့် စီးပွားရေးလုပ်ငန်းများ ပိုမို ဖြစ်ထွန်းနိုင်ရန်အတွက်ပဲ ဖြစ်ပါတယ်။ ယနေ့ကျင်းပတဲ့ ဖိုရမ်ကတော့ ရှမ်းပြည်နယ်အတွက် ဒုတိယအကြိမ်ကျင်းပခြင်းဖြစ်ပါတယ်။

ဒီဖိုရမ်မှာ ရှမ်းပြည်နယ်မှာရှိတဲ့ စိုက်ပျိုးရေးနှင့် ပတ်သက်တဲ့ ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများကို ဦးစားပေးထားပါတယ်။ ဒီဖိုရမ်က တစ်ဆင့် ရှမ်းပြည်နယ် စိုက်ပျိုးရေးကဏ္ဍရဲ့ စီးပွားရေး လုပ်ငန်းများမှာ အောင်မြင် ဖြစ်ထွန်းတိုးတက်လာအောင် ဆောင်ကျဉ်းပေးနိုင်မယ်လို့ ယုံကြည်ပါတယ်။

ယနေ့ဖိုရမ်မှတစ်ဆင့် မြန်မာနိုင်ငံရဲ့ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ပြုပြင် ပြောင်းလဲမှုများကို သိရှိနိုင်မှာလည်း ဖြစ်ပါတယ်။

**ဂုဏ်သရေရှိလူကြီးမင်းများနှင့်ဧည့်သည်တော်ကြီးများခင်ဗျား**

မြန်မာနိုင်ငံဟာ စိုက်ပျိုးရေးကို အခြေခံတဲ့နိုင်ငံတစ်နိုင်ငံဖြစ်ပါတယ်။ စိုက်ပျိုးရေးကဏ္ဍဟာ မြန်မာ့စီးပွားရေးရဲ့ အရေးကြီးတဲ့အခန်းကဏ္ဍမှာ ပါဝင်လျက် ရှိနေပါတယ်။ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုအတွက် ရေရှည် တည်တံ့တဲ့ စိုက်ပျိုးရေးလုပ်ငန်းများဟာ အရေးပါလျက် ရှိနေပါတယ်။

နိုင်ငံတစ်ဝှမ်း စားနပ်ရိက္ခာဖူလုံစေရန်နဲ့ တောင်သူလယ်သမားများ၊ အလုပ်သမားများနှင့် ၎င်းတို့ရဲ့ မိသားစုဝင်များ၏ လူနေမှုဘဝနှင့် ဝင်ငွေ တိုးတက်စေတဲ့ ဖွံ့ဖြိုးမှုနည်းဗျူဟာများအတွက် စိုက်ပျိုးရေးကဏ္ဍဟာ အရေးပါတယ်ဆိုတာ မိမိတို့သတိပြုရမှာ ဖြစ်ပါတယ်။ ဒါကြောင့် စိုက်ပျိုးရေး ဆိုင်ရာ ထုတ်ကုန်များ ပိုမို တိုးမြှင့်ထုတ်လုပ်နိုင်ရန်နဲ့ စိုက်ပျိုးရေးကဏ္ဍ ပိုမိုတိုးတက်စေရေး ကြိုးပမ်းဆောင်ရွက်လျက် ရှိပါတယ်။

ငြိမ်းချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတည်ဆောက်ရေး အတွက် နိုင်ငံတော်အစိုးရအနေနဲ့ စီးပွားရေးမူဝါဒများ ချမှတ်ပြီး အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။ စီးပွားရေးမူဝါဒရဲ့ အဓိကအချက်တစ်ခုအနေနဲ့ စားနပ်ရိက္ခာ လုံလောက်ရေး၊ ပို့ကုန် တိုးတက်ရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနဲ့ စက်မှုကဏ္ဍတစ်ခုလုံး ဖွံ့ဖြိုး တိုးတက်ရေး အထောက်အပံ့ ဖြစ်စေရန် စိုက်ပျိုးရေးကဏ္ဍနဲ့ စက်မှုကဏ္ဍ ညီမျှတဲ့ စီးပွားရေးပုံစံတစ်ခုတည်ဆောက်ရန် ဖြစ်ပါတယ်။ အစိုးရအနေဖြင့် မူဝါဒချမှတ်ပြီး အကောင်အထည် ဖော်ဆောင်ရွက်လျက် ရှိပါတယ်။ မိမိတို့အနေနဲ့ စီးပွားရေးကဏ္ဍတစ်ခုလုံး လွယ်ကူချောမွေ့စေရန် ကြိုးပမ်း ဆောင်ရွက်လျက်ရှိပြီး အသေးစား၊ အလတ်စားနှင့် စက်မှုလုပ်ငန်းများ လွယ်ကူချောမွေ့စေရေး အကောင်အထည်ဖော် ဆောင်ရွက်နေပါတယ်။

အားလုံးသိကြတဲ့အတိုင်း ရှမ်းပြည်နယ်ဟာ မြန်မာနိုင်ငံရှိ ပြည်နယ်များထဲမှာ ဧရိယာအကြီးမားဆုံးပြည်နယ် ဖြစ်ပါတယ်။ နိုင်ငံရဲ့ စုစုပေါင်း ဧရိယာ အကျယ်အဝန်း၏ ၂၃ရာခိုင်နှုန်းရှိပါတယ်။ လူဦးရေအားဖြင့် ၆သန်း နီးပါး ရှိပါတယ်။

ရှမ်းပြည်နယ်ဟာ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်ရန်အတွက် အလွန်ကောင်းမွန်တဲ့ အခွင့်အလမ်းကောင်းရှိတဲ့ ပြည်နယ်ကြီးတစ်ခု ဖြစ်ပါတယ်။ အထူးသဖြင့် သဘာဝ အော်ဂဲနစ် အသီးအနှံများ စိုက်ပျိုးရန် သင့်တော်လှပါတယ်။ ဒါ့အပြင် မျှတသည့် ရာသီဥတု ရှိတဲ့အတွက် ပြောင်း၊ ကြက်သွန်ဖြူ၊ အာလူး၊ ကော်ဖီ၊ လက်ဖက်၊ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံများ စိုက်ပျိုးနိုင်တဲ့ ပြည်နယ်တစ်ခုလည်း ဖြစ်ပါတယ်။ သဘာဝသယံဇာတများနှင့် စိုက်ပျိုးနိုင်တဲ့မြေများ ပေါများရုံသာမက အလုပ်လုပ်နိုင်တဲ့ လူငယ်လူရွယ်များကိုလည်း ပိုင်ဆိုင်ထားတဲ့ ပြည်နယ်တစ်ခုလည်း ဖြစ်ပါတယ်။ ဒါ့ကြောင့် ရှမ်းပြည်နယ်မှာ ရေရှည်တည်တံ့မယ့် စိုက်ပျိုးရေး အခွင့်အလမ်းတွေ များစွာ တည်ရှိနေတယ်ဆိုတာကိုလည်း ပြောကြားလိုပါတယ်။

ရှမ်းပြည်နယ်မှထွက်ရှိတဲ့ပြောင်းဖူး၊သစ်သီးဝလံများနှင့် ကြက်သွန်ဖြူ စတဲ့ စိုက်ပျိုးသီးနှံများကို အာရှနိုင်ငံများသို့ တင်ပို့လျက်ရှိပြီး ကော်ဖီနှင့် လက်ဖက်ကို အမေရိက နှင့် ဥရောပသို့ပါ တင်ပို့နေတာ ရှိပါတယ်။ လက်ဖက် တင်ပို့မှုများဟာ တစ်နေ့တစ်ခြား တိုးတက်လျက်ရှိပြီး အလားအလာကောင်းများကို တွေ့နေရပါတယ်။ သကြားနှင့် အခြား အစားအသောက် ထုတ်လုပ်တဲ့ စက်ရုံတွေ များစွာရှိရာ အရပ်ဒေသတစ်ခုလည်း ဖြစ်ပါတယ်။

ရှမ်းပြည်နယ်ဟာ တရုတ်နိုင်ငံနှင့် ရှည်လျားသည့် နယ်နိမိတ်ရှိတဲ့အတွက် တရုတ်နိုင်ငံနှင့် ကုန်းလမ်းမှ အများဆုံးကုန်သွယ်နိုင်တဲ့ ကုန်သွယ်ရေး လမ်းကြောင်း တစ်ခုလည်း ဖြစ်ပါတယ်။ စိုက်ပျိုးရေးနှင့် မွေးမြူရေးထွက်ကုန်များကို ထုတ်လုပ်၊ သိုလှောင်၊ ဖြန့်ဖြူးဖို့ အချက်အချာကျတဲ့ ပြည်နယ်တစ်ခုလည်း ဖြစ်ပါတယ်။ အရည်အသွေး ကောင်းမွန်သောမျိုးစေ့နှင့် ဓါတ်မြေသြဇာ၊ စက်ပစ္စည်းကိရိယာများလိုအပ်မှာ ဖြစ်တဲ့အတွက် လယ်ယာကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။ ရှမ်းပြည်နယ်မှာ ရေရှည်တည်တံ့တဲ့ စိုက်ပျိုးရေး ဖြစ်လာဖို့အတွက် ထုတ်လုပ်ခြင်း၊ ထုတ်ပိုးခြင်း နှင့် ဈေးကွက် ဖြန့်ဖြူးခြင်း စတဲ့ လုပ်ငန်းတွေမှာလည်း ရင်းနှီးမြှုပ်နှံသူများ လာရောက်ကြရန် ဖိတ်ခေါ်လိုပါတယ်။

## ဂုဏ်သရေရှိ လူကြီးမင်းများနှင့် ဧည့်သည်တော်ကြီးများ ခင်ဗျား

မိမိတို့အနေဖြင့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်လိုတဲ့ လုပ်ငန်းကဏ္ဍတွေကို ၂၀၁၇ ခုနှစ်က အမိန့်ကြော်ငြာစာအမှတ် (၁၃/၂၀၁၇) ဖြင့် ထုတ်ပြန်ထားပြီး ဖြစ်ပါတယ်။ အဆိုပါကဏ္ဍတွေမှာ ရင်းနှီးမြှုပ်နှံပါက ဝင်ငွေခွန်ကင်းလွတ်ခွင့်ရရှိမှာ ဖြစ်ပြီး သွင်းကုန်အစားထိုးနှင့် ပို့ကုန် တိုးမြှင့်စေမယ့် လုပ်ငန်းတွေအတွက် အဆိုပြုလာပါက မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ဦးစားပေးအဖြစ် သတ်မှတ် စဉ်းစားမှာ ဖြစ်ပါတယ်။ဆေးရွက်ကြီး စိုက်ပျိုးထုတ်လုပ်ခြင်းမှလွဲ၍ စိုက်ပျိုးရေးနှင့် ဆက်စပ်လုပ်ငန်းများ အားလုံးဟာ ရင်းနှီးမြှုပ်နှံမှု မြှင့်တင်တဲ့ကဏ္ဍမှာ ပါဝင်ပါကြောင်း ပြောကြားလိုပါတယ်။

မကြာသေးခင်ကထုတ်ပြန်ထားတဲ့အချက်အလက်များအရရှမ်းပြည်နယ်တွင် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေအရ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း

၂၃ ခု နှင့် နိုင်ငံသားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၇၄ ခု လုပ်ကိုင်လျက် ရှိပါတယ်။ ရှမ်းပြည်နယ်၌ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရန် လိုအပ်တဲ့ကဏ္ဍများမှာ ရင်းနှီးမြှုပ်နှံပါက ဝင်ငွေခွန်ကင်းလွတ်ခွင့် ၅နှစ် မှ ၇နှစ် အထိ ရရှိမှာ ဖြစ်ပါတယ်။

**ဂုဏ်သရေရှိလူကြီးမင်းများနှင့် ညှော်သည်တော်ကြီးများခင်ဗျား**

မိမိတို့ နိုင်ငံအတွင်းသို့ ရင်းနှီးမြှုပ်နှံမှုများ ပိုမိုဝင်ရောက်လာစေရေးအတွက် အစိုးရရဲ့ဆောင်ရွက်ချက်များကိုလည်း ရှင်းလင်းတင်ပြလိုပါတယ်။

နိုင်ငံတော်အစိုးရအနေဖြင့် မိမိတို့နိုင်ငံရဲ့ လူမှုစီးပွားအခြေအနေကို တိုးတက်လာစေရန်အတွက် ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီတဲ့ ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (MSDP) ကို ရေးဆွဲ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။ အဆိုပါစီမံကိန်းကို အစိုးရနှင့် ပုဂ္ဂလိက ကဏ္ဍများ သာမက ဖွံ့ဖြိုးမှုအကူအညီများ ပံ့ပိုးပေးလျက်ရှိတဲ့ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများမှလည်း ပူးပေါင်း ဆောင်ရွက်လျက်ရှိပါတယ်။

ရင်းနှီးမြှုပ်နှံမှုဝန်းကျင် တိုးတက်စေရေးအတွက် မြန်မာနိုင်ငံ ကုမ္ပဏီများဥပဒေနဲ့ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေကိုလည်း ပြဋ္ဌာန်းထားပြီး ဖြစ်ပါတယ်။ ရင်းနှီးမြှုပ်နှံသူများကို အကာအကွယ်ပေးခြင်း၊ ရင်းနှီးမြှုပ်နှံမှုများနှင့် ပတ်သက်၍ ပိုမို လွယ်ကူစေရေး နှင့် ပိုမိုပွင့်လင်းမြင်သာစွာ ဆောင်ရွက်နိုင်ရေးအတွက်လည်း မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ဥပဒေတွင် ထည့်သွင်းပြဋ္ဌာန်းထားပြီး ဖြစ်ပါတယ်။

၂၀၁၇ခုနှစ် ဧပြီလမှ စတင်၍ ရင်းနှီးမြှုပ်နှံမှုဝန်းကျင် ပြောင်းလဲမှု အသစ်တစ်ရပ်အနေဖြင့်တိုင်းဒေသကြီးနှင့်ပြည်နယ် ၁၄ခုနှင့် နေပြည်တော်တွင် ရင်းနှီးမြှုပ်နှံမှု ကော်မတီများ တည်ထောင်၍ ဆောင်ရွက်ခဲ့ရာ

ရှမ်းပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီကို ဖွဲ့စည်းနိုင်ခဲ့ပြီး မတည်ငွေရင်း အမေရိကန် ဒေါ်လာ ၅ သန်း အထိ ထည့်ဝင်ကာ လုပ်ငန်း ဆောင်ရွက်မည့် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများကို အတည်ပြုမိန့်များ ထုတ်ပေးနိုင်ရန် လုပ်ပိုင်ခွင့်များ ခွဲဝေပေးခဲ့ပြီး ဖြစ်ပါတယ်။

စီးပွားရေးလုပ်ငန်းများ လုပ်ဆောင်ရာမှာ ပိုမိုလွယ်ကူမြန်ဆန်စွာဖြင့် ဆောင်ရွက်နိုင်ရန်၊ ကုမ္ပဏီမှတ်ပုံတင်ခြင်း ဆိုင်ရာလုပ်ထုံးလုပ်နည်းများ ပိုမိုရှင်းလင်း လွယ်ကူစေရန်နှင့် ကော်ပိုရိတ်ရေးရာ စီမံခန့်ခွဲမှုများ ပိုမို အားကောင်းလာစေရန် ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလတွင် မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေကို ပြဋ္ဌာန်းထားပြီး ဖြစ်ပါတယ်။ အဆိုပါကုမ္ပဏီဥပဒေအရ ကော်ပိုရိတ် ရေးရာများ စီမံခန့်ခွဲရာတွင် စည်းမျဉ်းစည်းကမ်းများ ပိုမိုကောင်းမွန် လာမှာလည်း ဖြစ်ပါတယ်။ ဒ့ါအပြင် ကုမ္ပဏီဥပဒေအသစ်အရ ယခင်က မြန်မာနိုင်ငံသားများကိုသာ ခွင့်ပြုပေးခဲ့တဲ့ ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများမှာ နိုင်ငံခြားသားပါဝင်မှုအချိုးကို ၃၅ ရာခိုင်နှုန်းအထိ ထည့်ဝင်၍ ရင်းနှီးမြှုပ်နှံ ခွင့်ပြုခဲ့ပြီး ဖြစ်ပါတယ်။

MyCO လို့ သိကြတဲ့ အီလက်ထရောနစ် ကုမ္ပဏီ မှတ်ပုံတင် စနစ်ကိုလည်း တည်ထောင်ထားခြင်းကြောင့် ကုမ္ပဏီမှတ်ပုံတင်ခြင်းကို ထိရောက်မြန်ဆန်စွာ အွန်လိုင်းမှတဆင့် အလွယ်တကူ မှတ်ပုံတင် နိုင်အောင် ဆောင်ရွက်ထားပြီး ဖြစ်တဲ့အပြင် ကုမ္ပဏီဆိုင်ရာ လုပ်ငန်း ဆောင်ရွက်မှုအားလုံးကိုလည်း ဒစ်ဂျစ်တယ် စနစ်ဖြင့် အလွယ်တကူ ဆောင်ရွက်နိုင်ပြီလည်း ဖြစ်ပါတယ်။

မိမိအနေနဲ့ အသစ်ဖွဲ့စည်းခဲ့တဲ့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွား ဆက်သွယ်ရေး ဝန်ကြီးဌာနအား ဦးဆောင်ရတာကို ဂုဏ်ယူပါကြောင်း လည်း ပြောကြားလိုပါတယ်။ မိမိတို့ဝန်ကြီးဌာနအနေနဲ့ ပြုပြင်ပြောင်းလဲမှု များနှင့် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေး ဆိုင်ရာ ကိစ္စရပ်များကို ဆက်လက် ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ရင်းနှီးမြှုပ်နှံမှုများ လွယ်ကူ ချောမွေ့ စေရေးအတွက် သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ သဘောတူပြီး ဖြစ်တဲ့ စံချိန်စံညွှန်းမီ လုပ်ထုံးလုပ်နည်းများ (SOP) အပေါ် အခြေခံထားတဲ့ Single Window စနစ်ကို မကြာမီကာလတွင် အကောင်အထည်ဖော် ဆောင်ရွက် နိုင်တော့မှာ ဖြစ်ကြောင်းလည်း ပြောကြားလိုပါတယ်။

ဒါ့အပြင် ရင်းနှီးမြှုပ်နှံသူများအနေနဲ့ စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် မြေယာပိုင်ဆိုင်မှုဆိုင်ရာ သတင်းအချက်အလက် များကို ရှင်းလင်းတိကျစွာ တစ်နေရာတည်းတွင် ပြည့်စုံစွာ ရရှိနိုင်ရန် အစိုးရအနေနဲ့ Land Bank မြေယာဘဏ်ကို အွန်လိုင်းစနစ်ဖြင့် အကောင် အထည်ဖော် ဆောင်ရွက်တော့မှာလည်း ဖြစ်ပါတယ်။

မကြာသေးခင်က ထုတ်ပြန်ခဲ့တဲ့ ကမ္ဘာ့ဘဏ်ရဲ့ ၂၀၂၀ ပြည့်နှစ် အတွက် စီးပွားရေးလုပ်ကိုင်ရာတွင် လွယ်ကူချောမွေ့စွာ ဆောင်ရွက်နိုင်မှု အစီရင်ခံစာ (World Bank’s Ease of Doing Business Report, 2020) တွင် မြန်မာနိုင်ငံက အတိုးတက်ဆုံး နိုင်ငံ ၂၀ စာရင်းမှာ ပါဝင်ခဲ့ပြီး ၊ အထူးသဖြင့် စီးပွားရေးလုပ်ငန်းတစ်ခုစတင်ခြင်း ညွှန်းကိန်းမှာ အဆင့် ၁၅၂ ကနေ အဆင့် ၇၀ အထိ သိသိသာသာ တိုးတက်ခဲ့ခြင်းဟာ အစိုးရ၏ စီးပွားရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများရဲ့ ရလဒ်ကောင်းတစ်ခုလည်း ဖြစ်ပါတယ်။ မိမိတို့

အနေနဲ့လုပ်ဆောင်ရန် အများအပြား ကျန်ရှိနေသော်လည်း မြန်မာနိုင်ငံ အနေနဲ့ စီးပွားရေး စတင်ရာမှာ အာဆီယံနိုင်ငံများအနက် စတုတ္ထ အလွယ်ကူဆုံး နိုင်ငံအဖြစ် ရပ်တည်လျက် ရှိနေတာကိုလည်း ဂုဏ်ယူဖွယ် ပြောကြားလိုပါတယ်။

နိဂုံးချုပ်အနေနဲ့ မြန်မာနိုင်ငံရဲ့ စီးပွားရေးဝန်းကျင် ပိုမိုကောင်းမွန် စေရန်အတွက် ပြုပြင် ပြောင်းလဲမှုများတွင် အတူတကွ ပါဝင်ဆောင်ရွက် ပေးကြတဲ့ မိတ်ဖက်အစိုးရများနှင့် အဖွဲ့အစည်းများအားလုံးကို ကျေးဇူး တင်ရှိကြောင်း ပြောကြားလိုပါတယ်။ မိမိတို့အနေနဲ့ စီးပွားရေး အသိုက် အဝန်းနဲ့ ပူးပေါင်း ဆောင်ရွက်ပြီး ပိုမိုသာယာဝပြောသော နိုင်ငံတော်ကြီး ထူထောင်နိုင်မည်ဟု ယုံကြည်ပါတယ်။

ရှမ်းပြည်နယ်ဟာ ရင်းနှီးမြှုပ်နှံမှုအတွက် အချက်အချာကျတဲ့ ဒေသ ဖြစ်တဲ့အတွက်ရင်းနှီးမြှုပ်နှံမှုများပြုလုပ်ကြရန်လည်းတိုက်တွန်းပြောကြား လိုပါတယ်။

ယနေ့အခမ်းအနားသို့ ကြွရောက်လာကြသူများ အားလုံးကို ကျေးဇူး တင်ရှိပါကြောင်းနဲ့ ကျန်ရှိတဲ့ အစီအစဉ်များမှာ အသိပညာ နှင့် သတင်း အချက်အလက်များရရှိကာ ကျေနပ်အားရမှုများ ရရှိကြမယ်လို့ မျှော်လင့် ပါကြောင်း ပြောကြားရင်း နိဂုံးချုပ်အပ်ပါတယ်။